ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ - ၇. ၂. ၁၀

# ဘုရားသခင်၏ပဋိညာဉ်အားအိမ်ထောင်စုထဲတွင်စောင့်ရှောက်ခြင်း

(Keeping God's Covenant in the Home, Prof. Herman Hanko) (ယခင်အပတ်မှအဆက်)

**ကျမ်းစာဖတ်ခြင်း - ဆာလံ ၁၂၇**

အဲဒီလို ကလေးတွေအားလုံး ပဋိညာဉ်အိမ်ထောင်စုမှာ ကိုယ့်နေရာအသီးသီးရှိကြပါတယ်။ ဘုရားသခင် ကိုယ်တိုင်ရဲ့ ပဋိညာဉ်အိမ်ထောင်စုကို ရုပ်ပုံကားချပ်အဖြစ် ထင်ဟပ်ဖေါ်ပြတာဖြစ်တယ်။

**ကျမ်းစာသည်ဗဟိုအဓိကဖြစ်ခြင်း**

ဒုတိယအနေနဲ့ ပဋိညာဉ်အိမ်ထောင်စုဆိုတာ၊ ဘုရားသခင်ရဲ့နုတ်ကပတ်တော်(ကျမ်းစာ)ကို အဓိကဗဟိုနေရာမှာ ထားရှိသောအိမ်ထောင်ကိုပြောတာဖြစ်တယ်။ အခု၊ မိသားစု ညစဉ်ဆုတောင်းပွဲ လုပ်ခြင်းရဲ့ အရေးကြီးမှုကို ကျွန်တော် ဆက်ပြောပါမယ်။ မိသားစုဆုတောင်းပွဲဟာ အတော်ခက်ခဲတဲ့အခြေအနေကိုရောက် နေပါတယ်။ ဘာလို့လဲဆိုတော့ အားလုံးဟာ အရမ်းကို အလုပ်များနေကြပါတယ်။ မိသားစု အတူတူထိုင်ပြီး ဆုတောင်းခြင်း လုပ်ဖို့ အချိန်မပေးနိုင်လောက်အောင် ဖြစ်နေကြပါတယ်။ ဖခင်က အစောကြီးထအလုပ်သွားပြီ။ ကလေးတွေက နောက်မှ အိပ်ရာကမနဲ ကုန်းရုန်းထ ကျောင်းမှီအောင် ကသောကမြော ပြင်ဆင်ကြ၊ ကျောင်းမှီဖို့ ပြေးထွက်ချိန်မှ ပါးစပ်မှာ မနက်စာပေါင်မုန့်ကို ထိုးထည့်ပြီးသွားကြ။ အဲဒါနဲပ ညနေရောက်လာပါတယ်။ မိခင်က ဟိုကိုသွားရမယ်၊ ဒီကိုသွားရမယ်၊ အစီအစဉ်တွေ့ရှိသလို၊ ဖခင်ကလဲ ဟိုမှာချိန်းထားတာ၊ ဒီမှာသွားရမှာ အစီအစဉ်တွေကအပြည့်၊ ကလေးတွေကလဲ ဟိုနေရာမှာ အလုပ်သွားရမှာ၊ ဒီနေရာမှာ ဘောလုံးကန်ကျင့်ရမှာ၊ အဲလောက်တောင် အလုပ်ရှုပ်နေမှတော့ ဘယ်မှာလာပြီး ဆုတောင်းချိန်ဆိုတာ ရှိတော့မှာလဲ။ အကောင်းဆုံးစနစ်ကတော့၊ မနက်စာ စားပွဲမှာနဲ့ ညစာ စားပွဲမှာ ဆုတောင်းပွဲလုပ်တာဖြစ်ပါတယ်။ ကျွန်တော့်အဖေက ပြောဖူးပါတယ်။ သူ့အဖေဟာ ဆေးသုတ်သမားဖြစ်တယ်။ နပ်မှန်စားရဖို့ အရမ်းကို အလုပ်လုပ်ရသူဖြစ်တယ်။ အလုပ်ကို မနက် ၆ နာရီအမြဲသွားရတယ်။ ဒါ့ကြောင်း ကလေးတွေအားလုံးကိုမနက် ၅နာရီခွဲမှာ ထခိုင်းတယ်။ မနက်စာ စားပွဲမှာ အတူတူဆုတောင်းပြီးမှ အလုပ်စဖို့ဖြစ်တယ်။ ဒီလိုဘဲ ညနေတိုင်းမှာလဲ သူ့အလုပ်ကများလို့ ညနေ ၇နာရီ၈နာရီအထိ အလုပ်များတယ်ဆိုရင် သူပြန်မလာမချင်း ဘယ်သူမှ ထမင်းမစားရဘူး။ အတူတူ ဆုတောင်းဝတ်ပြုပြီးမှ ညစာစားကြပါတယ်။

ဆုတောင်းဝတ်ပြုပွဲနဲ့ပတ်သက်လို့ပြောရရင်၊ တချို့မိသားစုတွေ ဝတ်ပြုပွဲတော့ လုပ်ကြပါတယ်။ ဒါပေမဲ့ အဖြစ်သဘောဘဲလုပ်ကြတယ်။ ဒါ့ကြောင့် မလုပ်တာနဲပအတူတူဘဲ ဖြစ်နေကြပြန်ပါတယ်။ ဖခင်ဖြစ်သူက ကျမ်းစာဖတ်တယ်၊ ဖတ်တဲ့အသံက ကလေးတွေကို ချော့သိပ်နေသလိုဖြစ်တယ်၊ ပြီးတော့ တာဝန်ကျေဆုတောင်းတယ်။ ဘာတောင်းလို့တောင်းမှန်းမသိ ဗလုံးဗထွေးရေရွတ်နေတယ်။ “အာမင်”လို့ပြောသံ တိုးတိုးကလေးကိုဘဲ ကြားလိုက်ရတယ်။ အားလုံးက ကြိုက်တဲ့နေရာကို ထသွားကုန်ကြပြီ။

ခင်ဗျား ကိုယ့်အိမ်ကို မှန်မှန်ဆုတောင်းချိန်ရအောင် ဂရုတစိုက် ကြိုးစားရမှာဖြစ်တယ်။ ခင်ဗျားရဲ့ မိသားဆုဟာ ဘုရားသခင်ရဲ့ နုတ်ကပတ်တော်ကို အဓိကထားသောမိသားစု၊ ဆုတောင်းသောမိသားစု၊ ကျမ်းစာနဲ့ကိုက်ညီသောမိသားစုဖြစ်လာချင်ရင်၊ နဲနဲတော့ အချိန်ပေးပြီးဂရုစိုက်ရမှာဖြစ်ပါတယ်။ ထမင်းမစားခင်ဆုတောင်းပါ၊ ဘုရားသခင့်ကောင်းချီးကို တောင်းပါ၊ စားပြီးရင်လဲ ဘုရားသခင့်ကောင်းမြတ်တော်မူမှုကို ကျေးဇူးတင်ကြောင်းဆုတောင်းပါ၊ အဲဒါဆိုရင် ကျမ်းစာဖတ်ခြင်းဟာ ပိုပြီး အဓိပ္ပါယ်ရှိလာပါလိမ့်မယ်။

ကျမ်းစာပိုဒ်ကိုဖတ်ညပီးတဲ့အခါ၊ ကလေးတွေကို ရှင်းပြပါ။ ကလေးတွေကိုဖတ်ပြမဲ့ကျမ်းစာကို ခင်ဗျား အရင်လေ့လာထားပါ။ ကျမ်းစာကို ဟိုဖတ်ဒီဖတ်ပုံစံနဲ့ မဖတ်ပါနဲ့၊ ကမ္ဘာဦးကျမ်းကစပါ၊ တပိုဒ်ပြီးတပိုဒ် စနစ် တကျဖတ်သွားပါ။ အစကနေ အဆုံးအထိသွားပါ။ ခင်ဗျား ဘာလို့အဲဒီလိုဖတ်သလဲဆိုတာကလေးတွေကို ရှင်းပြပါ၊ ကျမ်းစာပိုဒ်တွေကို သေချာရှင်းပြသွားရင်၊ ကလေးတွေဟာ ပညတ်တော်တွေနဲ့ပတ်သက်တဲ့ ကျမ်းစာတွေကိုတောင် စိတ်ဝင်တစားရှိလာကြလိမ့်မယ်ဆိုတာ ခင်ဗျားတွေ့လာလိမ့်မယ်။ ဒါပေမဲ့ အစ္စရေး

တွေရဲ့ သမိုင်းမှာ ပညတ်တော်တွေ ဘာလို့ လိုအပ်ခဲ့တာလဲ၊ အဲဒီပညတ်တော်တွေဟာသခင်ယေရှုခရစ်တော်ထံမှာ ပြည့်စုံသွားပြီဆိုတာကိုလဲ ထပ်ရှင်းပြရပါမယ်။ သိပ်ခက်ခဲတဲ့အရာမဟုတ်ပါဘူး၊ နဲနဲလေး အားစိုက်လေ့လာလိုက်ရင် ခင်ဗျားရှင်းပြနိုင်မှာပါ။ ကလေးတွေကိုလဲ ကျမ်းပိုဒ်အကြောင်း ပြောတဲ့အခါမှာ ပါဝင်ဆွေးနွေးခိုင်းပါ။ သူတို့ ဘယ်လိုမေးခွန်းတွေမေးတတ်တယ်ဆိုတာ ခင်ဗျားအံ့ဩသွားမယ်။ ကျမ်းစာကို ညတိုင်းအချိန်ယူပြီးဖတ်ပေးလို့ သူတို့အသိပညာဘယ်လောက်တိုးလာသလဲဆိုတာ ခင်ဗျားအံ့ဩသွားမယ်။

ခင်ဗျားဆုတောင်းတဲ့အခါမှာ မိသားစုရဲ့လိုအပ်မှုကိုတောင်းပါ၊ ခင်ဗျားလိုအပ်ချက်ကို မတောင်းပါနဲ့။ ကိုယ်လိုတာကို ဆုတောင်းဖို့ ခင်ဗျားမှာ သီးသန့်ဆုတောင်းချိန် ထားပါ။ မိသားစုမှာ လိုအပ်ချက်တွေတောင်ပုံရာပုံရှိပါတယ်။ ဇနီးအတွက်ဆုတောင်းပါ၊ ဘုရားသခင်က သူ့အပေါ်မှာထားတဲ့ ခက်ခဲလှတဲ့ မိသားစုတာဝန်ကို ထမ်းဆောင်နိုင်ဖို့ ဘုရားသခင့်ကျေးဇူးတော် အရမ်းလိုအပ်ပါတယ်။ ကလေးတွေအားလုံးအတွက် ဆုတောင်းပါ။ မိသားစုရဲ့ ခက်ခဲမှု၊ ဝမ်းနည်းကြေကွဲရမှုတွေအတွက် ဆုတောင်းပါ။ အဲဒီ ခက်ခဲခြင်းတွေကို ခံစားရတဲ့ မိသားစုရဲ့ကိုယ်စားလှယ်အဖြစ်၊ ခင်ဗျားရဲ့ စိတ်ဝိညာဉ်အလုံးစုံကို သွန်ချဆုတောင်းပါ။ ဘုရားသခင်က အိမ်ထောင်စုအပေါ် ကောင်းချီးတွေချပေးတဲ့အခါ၊ ဝမ်းသားစွာ ကျေးဇူးတင်တတ်ပါ၊ မိသားစုလဲ ခင်ဗျားနဲ့အတူ၊ ခင်ဗျားတို့မိသားစုအပေါ် ကျေးဇူးတော်နဲ့ကိုင်တွယ်တော်မူတဲ့ ဘုရားသခင်ကိုဝမ်းမြောက်စွာ ဆုတောင်းခြင်းမှာ ပါခိုင်းပါ။ ခင်ဗျားဟာ မိသားစုအတွက် ဆုတောင်းနေတာဖြစ်တယ်။ဒါ့ကြောင့် ကျွန်တော်ပြောတဲ့ပုံစံအတိုင်း ဆုတောင်းပါ။

ကျွန်တော့် အဖေက ကျွန်တော်တို့တွေ ခရစ်ယာန်ပညာရေးကိုဘဲ ရစေချင်တဲ့အတွက်၊ ကျွန်တော်တို့ အိမ်ကနေ မိုင်(၂၀၀၀)လောက်ဝေးတဲ့နေရာကိုသွားပြီး ကျောင်းတက်ခဲ့ရပါတယ်။ အဲဒီမှာဘဲ ခရစ်ယာန်အထက်တန်းကျောင်းရှိခဲ့တာကိုး။ ကျွန်တော် ဘုရားသခင်ကို အင်မတန် ကြောက်ရွံ့ရိုသေသော ဦးလေးရဲ့အိမ်မှာနေပြီး ကျောင်းတက်ရတာဖြစ်ပါတယ်။ ဦးလေးဆီမှာ အရမ်းကို စိတ်ရှုပ်စရာကောင်းတဲ့ အကျင့်တခုရှိပါတယ်။ သူအလုပ်ကပြန်လာရင် သူ့ဇနီးက တနေကုန် ကျွန်တော်တို့ နေထိုင်ပုံ၊ ကျင့်ကြံပြုမူပုံတွေကိုပြောရပါတယ်။ မကောင်းတာတွေ၊ ကောင်းတာတွေ အကုန်ပြောရပါတယ်။ ညစာစားပွဲမှာ မစားခင်ဆုတောင်းတဲ့အခါမှာ ဦးလေးဟာ အကြီးသားကစလို့ အငယ်ဆုံးကလေးအထိ အားလုံးအတွက် ကျေးဇူးတော်ကို တောင်းခံပေးပါတယ်။ တောင်းတဲ့အခါမှာ အဲဒီတယောက်ကတော့ဖြင့် ဒီနေ့ အဲဒီလိုအသက်ရှင်ခဲ့တဲ့အတွက် ခွင့်လွှတ်ပါ၊ ပြုပြင်ပါ ဆိုပြီးအသေးစိတ်ကို တောင်းတော့တာဘဲ၊ သူ့ဆုတောင်းခြင်းမှာ ခင်ဗျားရဲ့နာမည် နောက်ဆုံးမှာပါမယ်ဆိုရင်၊ ခင်ဗျားအလှည့်မရောက်မချင်း၊ စိတ်ထဲမှာ မသက်မသာ အတော်ကို ခံစားရတယ်။ သူ့ရဲ့ဆုတောင်းကို ဦးလေးက ကျွန်တော်တို့ကို ဆုံးမတဲ့နေရာအဖြစ်သုံးတာကိုး။

ကျွန်တော် ဦးလေးကို အပြစ်တင်နေတယ်လို့ ခင်ဗျားမထင်ပါနဲ့။ ကျွန်တော်တို့ ငယ်စဉ်က တကယ့်ကို ဆုံးမခြင်းခံစရာ လိုပါတယ်။ ဦးလေးက၊ တယောက်ချင်းကို ခေါ်ပြီး၊ ဆုံးမရင် ကျွန်တော်တို့ ခံရတာသက်သာမှာပါ။ အဲတာ တာဝန်ဘဲလေ။ ဒါပေမဲ့ အခုကျတော့ ကိုယ့်အတွက် ဆုတောင်းခြင်းခံရမဲ့ အချိန်ကိုစောင့်နေရတာ၊ (စကားလုံးတွေက အရမ်းစူးရှတာဗျ)၊ တကယ့်ကို ခက်ခဲလှပါတယ်။ ခင်ဗျားအိမ်မှာတော့ ဦးလေးလို မလုပ်ပါနဲ့။ တခါတလေမှာတော့၊ ခင်ဗျားအိမ်ကလူတယောက်လုပ်တဲ့အပြစ်က တအိမ်သားလုံးကိုထိခိုက်လောက်အောင် ဆိုးဝါးရင်တော့ ဆုမတောင်းလို့မရတော့ပါဘူး၊ အဲဒီတယောက်ရဲ့ နာမည်ကို တပ်ပြီး ဆုတောင်းကို တောင်းရပါမယ်။ ဒါပေမဲ့ ဆုတောင်းခြင်းကို ကလေးတွေရဲ့အပြစ်ကို ဆုံးမရမဲ့နေရာမှာတော့ ဦးလေးလို အစားမထိုးပါနဲ့။ ခင်ဗျားရဲ့ မိသားစုဆုတောင်းချိန်ကို အရေးအကြီးဆုံးနေရာမှာ ထားပါ။

ပဋိညာဉ်မိသားစုဆိုတာ ပဋိညာဉ်သွန်သင်ချက်တွေကို အခြေခံအကျဆုံး၊ အရေးအကြီးဆုံးလို့ သတ်မှတ်တဲ့ အိမ်ထောင်စုကိုပြောတာဖြစ်တယ်။ ကျမ်းစာက အဲဒါကို အရေးကြီးဆုံးနေရာမှာထားပါတယ်။ ဘုရားသခင် အာဗြဟံထံကို မံရေသပိတ်တော်အရပ်မှာ လာလည်ခဲ့ပါတယ်။ ဘုရားသခင်ဟာ သူ့အဖေါ်တွေနဲ့အတူ၊ အာဗြဟံကိုခေါ်ပြီး သောဒုံနဲ့ဂေါမောရမြို့တွေဖက်ကို လမ်းလျှောက်ထွက်ပါတယ်။ လမ်းမှာ ခဏရပ်ပြီး၊ သူ့အဖေါ်တွေထံမှာ ဘုရားသခင်က ဒီလိုပြောပါတယ်၊ "အာဗြဟံကို ငါ သောဒုံ၊ ဂေါမောရမြို့တွေနဲ့လောတတို့အကြောင်း၊ သမိုင်းတလျှောက်လုံးမှာ အသင်းတော်ဘာဖြစ်မယ်ဆိုတဲ့အကြောင်း၊ အပြစ်ဒဏ်စီရင်ခြင်း ခံထိုက်နေပြီဖြစ်တဲ့ ဒီကမ္ဘာကြီးအကြောင်းတွေကို ငါပြောပြရမလားကွ။" အဲဒီလိုမေးပြီးတော့၊ ဘုရားသခင်က သူ့ဘာသာ ဒီလိုဖြေပါတယ်၊ "ပြောရမယ်၊ ငါဘာလုပ်တော့မယ်ဆိုတာကို ပြောမယ်။ ဘာဖြစ်လို့လဲ? ဘာဖြစ်လို့လဲဆိုတော့ အာဗြဟံကို ငါသိလို့ဘဲ။" "အကြောင်းမူကား၊ သူသည် မိမိနောက်၌ဖြစ်သောသားများ၊

အိမ်သူများတို့အား ပညတ်မည်အရာကိုငါသိ၏။ သူတို့သည် လည်း ထာဝရဘုရား၏လမ်းသို့လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာ ကျင့်ကြလိမ့်မည်။သို့ဖြစ်၍ ကတိတော်ရှိသည်အတိုင်း ထာဝရဘုရားသည် အာဗြဟံထံ၌ပြုရသောအခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏" (ကမ္ဘာ ၁၈း၁၉)။ အဓိပ္ပါယ်ကတော့၊ "ငါ အာဗြဟံကို ငါ့လျှို့ဝှက်အကြံအစည်တွေကို ပြောပြမယ်။ ဘာလို့လဲဆိုတော့ သူ့ကလေးတွေကို သူက ပြန်သင်ပေးမှာဖြစ်လို့ဘဲ။ အဲဒီလိုသွန်သင်ခြင်းကိုအသုံးပြုပြီး၊ အာဗြဟံထံမှာ ငါလုပ်မယ်လို့ ရည်ရွယ်ထားတာတွေကို ဖြစ်လာစေမယ်။"

"တရားသူကြီးမှတ်စာ"ကိုဖတ်ရင်၊ အဲဒီအချိန်အစ္စရေးတွေရဲ့ ဝမ်းနည်းစရာသမိုင်း ဘာကြောင့်ဖြစ်တယ်ဆိုတာကို ခင်ဗျားတွေ့လိမ့်မယ်။ ရှည်ရှည်ဝေးဝေးဖတ်စရာမလိုပါဘူး၊ အဖွင့် တခန်းနှစ်ခန်းဆိုရင် တွေ့မှာဘဲ။ အကြောင်းအရင်းကတော့ဘာလဲ? "ထာဝရဘုရားကိုင်၎င်း၊ ဣသရေလအမျိုးအဘို့ ပြုတော်မူသောအမှုတို့ကိုင်၎င်း မသိသော နောင်ကာလအမျိုးသားတို့သည် ပေါ်လာကြ၏" (တရား ၂း၁၀)။ ဘာလို့ အဲဒီလို ဘုရားမသိတဲ့ လူငယ်တွေပေါ်လာရတာလဲ? မိဘတွေက မသင်ပေးလို့ဖြစ်တယ်။ မိသားစုကျမ်းစာသွန်သင်ခြင်းဟာ အတော်အခြေအနေဆိုးနေပါတယ်။ ဒါ့ကြောင့် အစ္စရေးကလေးတွေဟာ ဘုရားသခင်ရဲ့ အံ့သြဖွယ်ရာလုပ်ဆောင်မှုတွေအကြောင်းကို မသိကြတော့ပါဘူး။ ဒါ့ကြောင့် တရားသူကြီးမှတ်စာက မှတ်တမ်းတင်တဲ့ အစ္စရေးလူတို့ရဲ့သမိုင်းဟာ ဝမ်းနည်းစရာအဖြစ်နဲ့ပ ကျမ်းစာထဲမှာ ပါနေတာဖြစ်တယ်။အဲဒီသမိုင်းကြောင်းကို ဆာလံ ၇၈ က ကွက်ကွက်ကွင်းကွင်းပြောပြနေတာကတော့၊ ပဋိညာဉ်မိဘတွေဟာ သူတို့သားသမီးတွေကို ဆွေစဉ်မျိုးဆက် ကျမ်းစာအကြောင်း သင်ပေးရမယ်ဆိုတာပါဘဲ။ ဒါ့အပြင် ပညာရှိသော အစ္စရေးရှင်ဘုရင်ဟာ သူ့သားကို ငယ်စဉ်ကထဲကနေ သူအသက်ရှင်ရမဲ့ပုံစံကို သင်ပေးရမယ်၊ ဒါမှ ကြီးလာတဲ့အခါ လမ်းမှာ မရောက်မှာလို့ သုတ္တံကျမ်းက ပြောနေပါတယ် (သုတံ ၂၂း၆)။

ပဋိညာဉ်သွန်သင်ခြင်းနဲ့ပတ်သက်ရင် အများကြီးထပ်ပြောလို့ရပါသေးတယ်။
ပထမအနေနဲ့၊ သားသမီးတွေကို ပဋိညာဉ်သွန်သင်ခြင်းနဲ့သွန်သင်ရတာဟာ၊ ဘုရားသခင်က သူ့သားသမီးတွေကို ယုံကြည်သူတွေရဲ့ ဆွေစဉ်မျိုးဆက်ကနေကယ်တင်ပြီး၊ သူ့ရဲ့မိသားစုဝင်တွေဖြစ်အောင်စုသိမ်းနေတော်မူတယ်ဆိုတဲ့ ဥပဒေသအပေါ်မှာ အခြေခံပြီးသွန်သင်တယ်ဆိုတာ ခုချိန်လောက်ဆို ခင်ဗျား ရှင်းလောက်ပြီထင်ပါတယ်။ ဘုရားသခင်ဟာ အဒ္ဒီလို ဆွေစဉ်မျိုးဆက်တလျှောက်ကယ်တင်ခြင်းကို ပဋိညာဉ်သွန်သင်ခြင်းမှတဆင့် လုပ်ဆောင်တော်မူပါတယ်။ အဲဒါဟာ သူအသုံးပြုတဲ့ နည်းလမ်းဖြစ်တယ်။ အရမ်းအရေးကြီးတဲ့ အချက်လဲဖြစ်တယ်၊ ဒါကြောင့် ကိုယ့်ကလေးတွေကို ဘုရားသခင်ရဲ့ပဋိညာဉ်လမ်းကြောင်းအတိုင်း ကြီးပြင်းလာဖို့ မသွန်သင်ဘူး၊ ပျက်ကွက်တယ်ဆိုရင် ရလဒ်ကတော့ ကျွန်တော်တို့ရဲ့မျိုးနွယ်ဆက်ဟာ ပဋိညာဉ်ထဲကနေ ဖြတ်ချခံရမှာဖြစ်ပါတယ်။

အဲဒီလို ပဋိညာဉ်သွန်သင်ခြင်းအတွက် ခရစ်ယာန်ကျောင်းများကို တည်ထောင်ကြတာ ဖြစ်တယ် ဆိုတဲ့ အချက်ကိုလည်း ကျွန်တော် သတိပြုမိပါတယ်။ အဲဒီအချက်ကြောင့်ဘဲ ဘုရားသခင်ရဲ့လူတွေဟာ အတူတကွ စုစည်းမိကြတာနဲ့ ဖြစ်နိုင်ရင်၊ သူတို့ကလေးတွေ အတူတူ ကျောင်းတက်နိုင်မဲ့ ခရစ်ယာန်ကျောင်းကို တည်ထောင်ကြတာဖြစ်တယ်။ အဲဒီကျောင်းမှာ ဖန်ဆင်းခြင်းနဲ့သမိုင်းကို ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အတိုင်း၊ ရီဖေါ့(မ်)ယုံကြည်ချက်တွေအတိုင်း သင်ပေးကြတယ်။ ဒါပေမဲ့၊ အိမ်ဟာ ပိုပြီးအခြေခံကျပါတယ်။ ဒါကြောင့် ခရစ်ယာန်ကျောင်းဟာ ဘယ်တော့မှ မိသားစုထက် ပိုပြီးတော့၊ ဝိညာဉ်ရေးမှာဖြစ်ဖြစ်၊ ခံယူချက်၊ ယုံကြည်ချက်၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သွန်သင်ခြင်းတွေမှာ ပိုပြီးတော့ မမြင့်နိုင်ပါဘူး။ အိမ်ဟာ ပဋိညာဉ်သွန်သင်ခြင်းအတွက် အရေးကြီးဆုံးဘဲ ဖြစ်ပါတယ်။

အိမ်မှာ သင်ပေးတာ ဘာနဲ့ပမှ မတူပါဘူး။ အိမ်ရဲ့သွန်သင်ခြင်း၊ လုပမှုနဲ့ထိရောက်မှုစွမ်းအားကို တရားဟောရာကျမ်း(၆)က ချောမွေ့လှစွာ ပြောပြနေပါတယ်။ မိဘတွေဟာ သူတို့ကလေးတွေကို မိမိတို့ရဲ့ ပဋိညာဉ်အတွင်းနေထိုင်ပြုမူပုံနဲ့ ဖွဲ့ရှိစွာသွန်သင်ကြတယ်၊ ဘဝရဲ့ ရှုထောင့်မျိုးစုံမှာ စံပြအဖြစ်နေထိုင်ပြကြပြီးတော့၊ ကလေးတွေက သူတို့ကိုကြည့်ပြီး၊ ဒီလောကကြီးထဲမှာ ပဋိညာဉ်သားသမီးတွေအဖြစ် ဘယ်လို အသက်ရှင်နေထိုင်းပြီး၊ သူတို့ကိုယ်တိုင်က ပဋိညာဉ်အိမ်ထောင်စုတွေကို ဘယ်လိုတည်ထောင်ကြရမလဲ ဆိုတာကို သင်ယူကြပါတယ်။ စံပြအနေနဲ့ပနေထိုင်တယ်ဆိုတာက၊ စကားနဲ့မသင်ဘူးလို့ ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ စံပြအဖြစ်နေထိုင်တယ်ဆိုတာ အိမ်ထောင်စုရဲ့ လက္ခဏာဖြစ်ပါတယ်။ မိသားစု အကြီးအကျယ် ဝမ်းနည်းကြချိန်၊ ကြီးမားတဲ့ပြဿနာများကို မိသားစုရင်ဆိုင်ရတဲ့အချိန်၊ မိဘတွေဟာ အဲဒီ အခက်အခဲတွေကို ဘယ်လိုရင်ဆိုင်ကြသလဲ၊ ဘုရားသခင်ရဲ့ဆုံးမမှုကို ခံကြရတဲ့အချိန်တွေမှာ ဘယ်လိုတုန့်ပြန်ကြသလဲ ဆိုတာ

တွေကနေ ကလေးတွေဟာ သူတို့ကြီးလာကြတဲ့အချိန်မှာ အဲဒီလို ပြဿနာကြီးတွေကို ဘယ်လို တုန့်ပြန်ရမလဲလို့ သင်ယူကြရပါတယ်။ မိဘတွေ ကြီးပွားကြတဲ့အချိန်၊ ဘ၀ရဲ့ လမ်းကြောင်းတွေမှာ တိမ်မဲတွေ မရှိသလောက် အဆင်ပြေကြတဲ့အချိန်မှာကော၊ မိဘတွေဟာ ဒီလောကရဲ့ပစ္စည်းတွေအပေါ်မှာ ဘယ်လိုသဘောထားကြသလဲ၊ ကြွယ်ဝချိန်မှာ ဘုရားသခင်ထံမှာ ကျေးဇူးတော်ချီးမွမ်းတတ်သလား၊ လောကပစ္စည်းတွေကိုမှန်မှန်ကန်ကန် အသုံးပြုကြပါသလား၊ ဆိုတဲ့အချက်တွေက ကလေးတွေကို လောကပစ္စည်းတွေဟာ ဒီအတိုင်းဆိုရင် ဘာမှတန်ဖိုးမရှိကြောင်း၊ ဘုရားသခင်ရဲ့နိုင်ငံတော်တည်ဆောက်ဖို့အတွက်သာ အသုံးဝင်ကြကြောင်းကို ကလေးတွေက သင်ယူနိုင်မှာဖြစ်ပါတယ်။ ပုံမှန်ဖြစ်သော၊ ဘုရားသခင်ပြောတဲ့အတိုင်းနေထိုင်သော မိသားစုဟာ သွန်သင်ခြင်းမှာ အကောင်းဆုံးနေရာဘဲဖြစ်ပါတယ်။

သမီးတွေဟာ အမေ့ကိုကြည့်ပြီး၊ သူတို့တွေအိမ်ထောင်ကျရင် ကိုယ့်ခင်ပွန်းကို ဘယ်လိုပြုစုစောင့်ရှောက်ရကြောင်း သင်ကြမှာဖြစ်ပါတယ်။ ဒါ့အပြင် ဘယ်လိုထမင်း/ဟင်းချက်ရတယ်၊ အချုပ်အလုပ်ဘယ်လိုဖြစ်တယ်ဆိုတာတွေ မိခင်ကိုကြည့်ပြီး သင်ကြရပါတယ်။ သားတွေကတော့ မိသားစုရဲ့ခေါင်းဆောင်ဦးခေါင်း ဘယ်လိုလုပ်ရမယ်ဆိုတာကို၊ အဲဒီတာဝန်ယူနေတဲ့ သူတို့ဖခင်ကိုကြည့်ပြီးတော့ သင်ကြမှာဖြစ်ပါတယ်။ ဒီနေ့ထိအောင်ဘဲ၊ ကျွန်တော့်ကို မိသားစုနဲ့ဆိုင်တဲ့မေးခွန်းတွေ မေးကြရင်၊ စိတ်ထဲမှာ အမြဲတမ်း ကိုယ့်ဘာသာမေးမိတာကတော့၊ အဖေဆိုရင် ဘယ်လိုလုပ်မလဲ လို့ဘဲဖြစ်ပါတယ်။ အဲဒါဟာ ပင်္ဂညာဥ်မိသားစုမှာ မိဘတွေက သားသမီးတွေအပေါ် လွှမ်းမိုးတတ်တဲ့အဖြစ်တခုပါဘဲ။ မိခင်တွေ သားသမီးတွေကြီးပြင်းလာဖို့ ပြုစုစောင့်ရှောက်တာတွေကို လူတွေက ပျင်းစရာကြီးဆိုပြီး အထင်မကြီးတတ်ကြပါဘူး၊ အဲဒီလိုထင်သူတွေဟာမိုက်မဲသူတွေဖြစ်တယ်။ မိခင်တွေအလုပ်ဟာ သိပ်အံ့သြစရာကောင်းပြီး တန်ဖိုးကြီးလှပါတယ်။ ချော်လဲလို့ ဒူးပြဲလာတဲ့ကလေးကို ဆေးထည့်ပေးတာ၊ ကျောင်းအပြန်လမ်းမှာ အစခံရလို့ ငိုယိုပြီးပြန်လာတဲ့ကလေးကို နှစ်သိမ့်တာ၊ ဘယ်သူမှမခေါ်လဲ ပြဿနာမဟုတ်ဘူး၊ ဘုရားသခင်ကမျက်နှာသာပေးတာသာအဓိကဖြစ်တယ်လို့ နှစ်သိမ့်တာ၊ ကလေးတွေကို ကြွေးမွေးတာ၊ အားလုံးကို ချစ်တာ၊ အဲဒီ ပင်္ဂညာဥ်မိခင်ရဲ့ အပြုအမူတွေအားလုံးက သူရဲ့ သားသမီးတွေအပေါ်မှာ ဘယ်လိုမှဖြတ်လို့မရတဲ့ မှတ်သားစရာတွေကို ထင်နေဟေမှာဖြစ်တယ်။

အံ့သြစရာကောင်းတာက မိသားစုတွေမှာ သားတွေက မိခင်နဲ့ပိုနီးတတ်ပြီးတော့၊ သမီးတွေက ဖခင်နဲ့ပိုပြီး ရင်းနှီးကြပါတယ် (ကျွန်တော့်မိသားစုမှာ အဲဒီလိုဖြစ်သလို၊ မိသားစုအများမှာလဲ မှန်ပါလိမ့်မယ်)။ သမီးတွေဟာ အကြံဉာဏ်လိုချင်ရင် ကျွန်တော့ထံကို လာလေ့ရှိကြပါတယ်။ ကျွန်တော့် သားတွေကျတော့ ကျွန်တော့် ဇနီးထံဘဲ သွားကြပါတယ်။ ဒါပေမဲ့ သူတို့တွေ အိမ်ထောင်ကျပြီးတဲ့အခါကျတော့ ပြောင်းပြန် ဖြစ်သွားပြန်ပါတယ်။ အိမ်ထောင်ကျပြီးရော၊ သမီးတွေဟာ အမေ့ထံဘဲ သွားကြတယ်။ သားတွေကျတော့ ကျွန်တော့်ထံဘဲ လာအကြံတောင်းလေ့ရှိကြပါတယ်။ အဲဒါဟာ ထူးချားမှုတခုပါဘဲ။ ဒါပေမဲ့ ပင်္ဂညာဥ်မိသားစုရဲ့ သွန်သင်ခြင်း အစိတ်အပိုင်းတခုဖြစ်ပါတယ်။ ပင်္ဂညာဥ်မိဘတွေက သားသမီးတွေအပေါ်မှာ အမြဲတမ်း လွှမ်းမိုးတယ်ဆိုတဲ့အမှန်တရားတခုဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ပင်္ဂညာဥ်ဟာ ဆွေစဉ်မျိုးဆက်တရှောက် ဆက်သွားနေတယ်ဆိုတာ ထင်ရှားတဲ့ အချက်တခုပါဘဲ။

ကလေးတွေကို ပင်္ဂညာဥ်သွန်သင်မှုပေးခြင်းရဲ့ တစိတ်တပိုင်ဟာ၊ ဘုရားသခင်ရဲ့ပင်္ဂညာဥ်ပုံစံအတိုင်း အသက်ရှင်နေထိုင်ခြင်းကို သင်ပေးရတာဘဲဖြစ်တယ်။ “မင်းဟာ ပင်္ဂညာဥ်ကလေးတယောက်လို ပြုမူရမယ်။ အဲဒီလို အသက်ရှင်တတ်ဖို့ ခုကထဲက စသင်ပါ။ မင်းကြီးလာရင် ဘယ်လိုအသက်ရှင်ရမယ်ဆိုတာ သင်၊ အသင်းတော်မှာ ဘယ်နေရာကနေ ဘုရားအတွက်အသက်ရှင်ရမယ်ဆိုတာ သင်၊ အိမ်ထောင်ပြုရင် ဘယ်လိုတည်ထောင်ရမယ်ဆိုတာကို သင်။ မင်းဟာ ပင်္ဂညာဥ်သားသမီးတယောက်လိုအသက်ရှင်”လို့ ကျွန်တော်တို့ ကလေးတွေကို ပြောရပါတယ်။ ကလေးငယ်ဟာ အဲဒီ ပင်္ဂညာဥ်လမ်းကြောင်းအတိုင်း အသက်ရှင်ဖို့ကို ငြင်းတယ်ဆိုရင်၊ အဲဒီကလေးကို ဆူရမယ်၊ ဆုံးမရမယ်၊ ကြပ်မတ်ရမယ်။ ဘုရားသခင်က အပြစ်ပြုမိတဲ့အခါ၊ ကျွန်တော်တို့ကို ဆုံးမသလိုဘဲဖြစ်တယ်။ “မင်း ဘုရားသခင်ရဲ့ပင်္ဂညာဥ်လမ်းကြောင်းအတိုင်း အသက်မရှင်ဘူးဆိုရင်၊ ဆိုးညစ်တဲ့အသက်ရှင်မှုပုံစံကနေ မပြင်ရင်၊ မင်းဟာ ပင်္ဂညာဥ်သားသမီးမဟုတ်ဘူး”လို့ သူတို့ကို ပြောရမယ်။ သူတို့ရဲ့ သားသမီးအားလုံးဟာ ပင်္ဂညာဥ်သားသမီး မဟုတ်ဘူးဆိုတာ ပင်္ဂညာဥ်မိဘတိုင်းကသိပါတယ်။ ရွေးကောက်တော်မူခြင်းနဲ့ငြင်းပယ်တော်မူခြင်းလမ်းကြောင်းဟာ၊ မိသားတစုထဲကိုလဲ ခွဲပစ်လိုက်လေ့ရှိပါတယ်။ အစ္စဇေလူမျိုးတွေကို ခြားနားစေသလို၊ ယာကုပ်နဲ့ဧသောတို့အိမ်ထောင်ကို ခွဲပစ်လိုက်သလိုပေါ့။ ဒါ့

ကြောင့် မိဘတွေဟာ တာဝန်ကြီးပါတယ်။ ကလေးတွေကို အပြစ်အကြောင်းနဲ့ အပြစ်ရဲ့နောက်ဆက်တွဲ ခံစားရမှုတွေအကြောင်း ပြောရပါမယ်။

အသင်းတော်နဲ့ပဋိညာဉ်အိမ်ထောင်တွေကို ဒုက္ခပေးနေတဲ့ နောက်ကျိန်ခြင်းအမင်္ဂလာတခုကတော့၊ အလိုလိုက်လွန်းတဲ့မိဘတွေဖြစ်တယ်။ နောက်ဆက်တွဲပြဿနာဟာ ကျောင်းမှာ ပေါ်လာတာဘဲ။ ဒါကြောင့် ဆရာက အိမ်ကို စာပြန်ပို့တယ်၊ "ဂျွန်နီ ဒီနေ့ ကျောင်းမှာ အဲဒီလိုပြုမူတယ်။" အဲဒီစာဖတ်ပြီးတာနဲ့ မိဘတွေဟာ တယ်လီဖုန်းဆီပြေးပြီး၊ ဆရာ့ထံ ဖုန်းဆက်ကြတယ်။ "ငါတို့ ဂျွန်နီကလေးက၊ ဘယ်တော့မှ၊ အဲဒီလိုမျိုး လုပ်မှာမဟုတ်ဘူး၊ တခုခုတော့ မှားနေပြီ၊ တခြား အတန်းသားဖော်တွေက အနိုင်ကျင့်လို့ အဲဒီလိုလုပ်တာနဲ့ တူတယ်။" အဲဒီလိုနဲ့ သား ဂျွန်နီကို ဆုံးမရမဲ့အစား၊ ကားဆီးကာဆီးလုပ်ပေးနေကြတယ်။ ဒီတော့ ဂျွန်နီက စိတ်ထဲမှာ ကျိတ်ပြုံးနေတာပေါ့၊ ငါ ဘယ်တော့မဆို၊ အမေ့ဆီမှာ ဖုံးထားလို့ရတယ်။ အလိုလိုက်လွန်းတဲ့ မိဘတွေဟာ ပဋိညာဉ်အိမ်တွေအတွက် ကျိန်ခြင်းဘဲဖြစ်တယ်။ နောက်ဆုံး ကလေးတွေကို ပျက်ဆီးစေကြတော့တာဘဲ။

ခေတ်သစ်အိမ်ထောင်စုတွေကို အမင်္ဂလာရောက်စေတဲ့ ကျိန်ခြင်း (၂)မျိုးရှိပါတယ်။ တခုကတော့ တီဗီဖြစ်ပါတယ်။ ကလေးတွေအတွက် တကယ့်ကျိန်ခြင်းဖြစ်တယ်။ ကလေးတွေ ကျွန်တော်တို့အိမ်မှာ ဘာထူးခြားနေသလဲဆိုတာ စသိတဲ့နေ့မှာ၊ ကျွန်တော်နဲ့ဇနီးသည်က ဒီလိုပြောပါတယ်၊ "သားတို့သမီးတို့၊ ဒီအိမ်မှာ တီဗီမရှိဘူး။ ဘယ်စာအုပ်ကြိုက်ကြိုက် ဖတ်ပါ၊ ဒါပေမဲ့ တီဗီမကြည့်ရ။ အိမ်နီးချင်းတွေရဲ့တီဗီလဲ မကြည့်ရ။" တီဗီကိုယ်၌ကတော့ အပြစ်မရှိပါဘူး။ ဒါပေမဲ့ တီဗီကနေ လွှင့်နေတဲ့အရာတွေကတော့၊ အိမ်မှာ တကယ့်ဆိုးညစ်ခြင်းတွေ ဖြစ်စေနိုင်ပါတယ်။ တီဗီကနေ လွှင့်တဲ့ဇတ်လမ်းတွေက ဘုရားမကြိုက်တဲ့အရာတွေကို လုပ်နေရင်လဲ ပြဿနာမရှိတဲ့ပုံစံတွေဖြစ်တဲ့အတွက် ပြောနေတာဖြစ်တယ်။ တီဗီကနေ ဘာအမှန်တရားမှ ခင်ဗျား သင်နိုင်မယ်မဟုတ်ပါဘူး။

ဒုတိယကတော့ ကွန်ပြူတာဖြစ်တယ်။ ကွန်ပြူတာကိုယ်၌က အပြစ်မဟုတ်ပါဘူး။ အဲဒါနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကတော့ ကောင်းတာမရှိသလောက်ဘဲ။ အင်တာနက်ထဲမှာ မကောင်းမှု ဒုစရိုက်တွေ များလွန်းလို့ အဲဒါတွေကြည့်ပြီး၊ ကွဲကြတဲ့ အိမ်ထောင်စုတွေ မနဲမနောဘဲ။

ကျွန်တော် အဆုံးသတ်ပါမယ်။ မိသားစုတခုမှာ ပဋိညာဉ်အဖေ၊ ပဋိညာဉ်အမေနဲ့ ပဋိညာဉ်ကလေးတွေ ပါဝင်ပါတယ်။ သူတို့အားလုံး အပြစ်သားတွေဖြစ်ပါတယ်။ ဒ့ါကြောင့် အိမ်ထောင်စုရဲ့နှလုံးသားနေရာမှာ လက်ဝါးကပ်တိုင်ကို စိုက်ထားမှဖြစ်ပါမယ်။ အဲဒီနေရာဟာ အားလုံးသွားရမဲ့ တခုတည်းသော နေရာဖြစ်တယ်။ ကလေးတွေဟာ မိဘတွေရဲ့ ဥပမာပြမှုနဲ့ လက်ဝါးကပ်တိုင်ကို သွားရမယ်ဆိုတာကို သင်ကြရပါမယ်။ နောင်တရခြင်းဆိုတာ လက်ဝါးကပ်တိုင်မှာ အပြစ်များမှခွင့်လွှတ်ခြင်းကို ရှာတာဖြစ်ကြောင်း ကလေးတွေကို သင်ရပါမယ်။ သခင်ယေရှုရဲ့လက်ဝါးကပ်တိုင်တော်မှာသာ ဘုရားတရားကြောက်ရွံ့ရိုသေခြင်းနဲ့ သန့်ရှင်းစွာနေထိုင်ခြင်းအတွက် စွမ်းအားကို ရရှိနိုင်မှာဆိုတာကို ကလေးတွေ သိအောင်ပြောရပါမယ်။ အဲဒီနေရာကလွဲလို့ ဘယ်နေရာမှာမှ မရနိုင်ပါဘူး။ လက်ဝါးကပ်တိုင်ဟာ အဲဒီစွမ်းအားကိုရရာ နေရာပါဘဲ။ ဒ့ါအပြင် မိသားစုဟာ မကြာခဏ အဲဒီလက်ဝါးကပ်တိုင်အောက်မှာ စုရုံးပြီး၊ ခရစ်ယာန်မိသားစုအနေနဲ့ ရုန်းကန်နေရတဲ့ဘဝမှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေအတွက် သနားတော်မူမှုနဲ့ မဆတော်မူမဲ့အကြောင်း၊ အပြစ်တွေကို ခွင့်လွှတ်တော်မူမဲ့အကြောင်း ဆုတောင်းကြရမှာဖြစ်တယ်။ သနားတော်မူမှုနဲ့ ကျွန်တော်တို့ဟာ ဘာမှအသုံးမကျတဲ့၊ အားနည်းလှတဲ့၊ အချိန်မရွေး ပျက်ဆီးသွားနိုင်တဲ့ လူသာမန်တွေသာဖြစ်ပေမဲ့၊ မှောင်မိုက်နေတဲ့၊ ဆိုးညစ်နေတဲ့ ဒီနေ့ခေတ်ကြီးမှာ သူ့အတွက် အလင်းပေးနေတဲ့အိမ်ထောင်ဖြစ်ဖို့ ကျေးဇူးတော်ကို ပေးသနားတော်မူမဲ့အကြောင်း ဆုတောင်းကြရမှာဖြစ်ပါတယ်။

==============================================